# တက္ကသိုလ်၊ ဥပစာကောလိပ်

## တက္ကသိုလ်နှင့် ကောလိပ်ဆိုသည်မှာ

အဆင့်မြင့်ပညာရေး၏ အဓိက ပညာသင်ကြားရေးအဖွဲ့အစည်းများ ဖြစ်ပါသည်။ မူအားဖြင့် တက္ကသိုလ်များ၏ သင်တန်းကာလသည် ၄ နှစ် ဖြစ်ပြီး ကောလိပ်၏ သင်တန်းကာလသည် ၂ နှစ် ဖြစ်ပါသည်။
အချို့ကျောင်းများတွင် ပုံမှန်ကျောင်းသားမဟုတ်သည့် အချိန်ပိုင်းသင်တန်းသားနှင့် သုတေသနသင်တန်းသား စနစ်လည်း ရှိသည်။ ပညာသင်ဘွဲ့ရရှိရန် ရည်ရွယ်သည့် ကာလရှည် ပညာသင်ကြားခြင်းအပြင် ပညာသင်ဘွဲ့ရရှိရန် မရည်ရွယ်သည့် ကာလတိုပညာသင်ကြားခြင်းစနစ်လည်း ဂျပန်နိုင်ငံတွင် ရှိသည်။

## ရှာဖွေရန်

### တက္ကသိုလ်နှင့် ကောလိပ်ဆိုင်ရာ အချက်အလက်များ (JASSO)

i http://www.jasso.go.jp/en/study_j/search/daigakukensaku.html

### Japanese Colleges and Universities Search (JASSO)

i https://www.g-studyinjapan.jasso.go.jp/univ_search/

### တက္ကသိုလ်နှင့် ကောလိပ်ရှာဖွေရန် (JAPAN STUDY SUPPORT)

i http://www.jpss.jp/en/




(Guide to University Entrance for Privately-Financed International Students)

● **Guide to University Entrance for Privately-Financed International Students**

တက္ကသိုလ်အလိုက် ဝင်ခွင့်စာမေးပွဲဆိုင်ရာ အချက်အလက်များနှင့် နိုင်ငံခြားသား ကျောင်းဝင်ခွင့်စာမေးပွဲအောင်မြင်မှုနှုန်းကို စုစည်းပြုစုထားသော အဖိုးတန်သည့် လမ်းညွှန်စာအုပ်၊ တည်းဖြတ် ပုံနှိပ် The Asian Students Cultural Association (ဂျပန်နိုင်ငံအတွင်း၌သာ ဝယ်ယူနိုင်သည်။)

## ဝင်ခွင့်အရည်အချင်း

အောက်ပါအရည်အချင်းတစ်ခုခုကို ပြည့်မီနေရန် လိုအပ်သည်။

① နိုင်ငံခြားတွင် ကျောင်းပညာရေး ၁၂ တန်း အထိ ပြီးမြောက်ထားသူ
② နိုင်ငံခြားတွင် ကျောင်းပညာရေး ၁၂ တန်း အထိ ပြီးမြောက်ခြင်းနှင့် ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ
③ ဂျပန်နိုင်ငံတွင် နိုင်ငံခြား အထက်တန်းကျောင်းနှင့် ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားသားကျောင်းကို ပြီးမြောက်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ
④ နိုင်ငံခြားတွင် ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားသိပ္ပံနှင့် နည်းပညာ ဝန်ကြီးက အသိအမှတ်ပြုထားသည့် ကျောင်းပညာ ၁၁ တန်း ထက်များသော သင်တန်းကို တက်ရောက် အောင်မြင်ထားသူ
⑤ International Baccalaureate diploma, German Abiture diploma, French Baccalaureate diploma ကို ကိုင်ဆောင်ပြီး၊ သို့မဟုတ် GCEA စာမေးပွဲ၏ အမှတ်သည် ကျောင်းမှသတ်မှတ်ထားသော အမှတ်ထက်များပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ
⑥ နိုင်ငံတကာ အကဲဖြတ်အဖွဲ့များ WASC CIS ACSI အသိအမှတ်ပြုထားသည့် ပညာရေးအဖွဲ့အစည်းက ဖွင့်လှစ်ထားသော သင်တန်းကို ၁၂ တန်းအထိ တက်ရောက်အောင်မြင်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ
⑦ အထက်တန်းကျောင်းပြီးအဆင့် အသိအမှတ်ပြုစာမေးပွဲအား အောင်မြင်ထားပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ
⑧ အထက်ပါအရည်အချင်းများအပြင် ကျောင်းပညာရေးဥပဒေတွင် ပြဌာန်းထားသည့် အခြားတက္ကသိုလ်ဝင်ခွင့် အရည်အချင်းတစ်ခုခုကို ပြည့်မီသူ
⑨ ကျောင်းတွင် သီးခြားကျောင်းဝင်ခွင့် အရည်အချင်းစစ်ဆေးမှုအရ အထက်တန်းကျောင်းကို အောင်မြင်ပြီးသူနှင့် ညီမျှသောပညာအရည်အချင်း ရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူဖြစ်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ

※ ① မှ ③အထိနှင့် ပတ်သက်၍ ပညာသင်နှစ် ၁၂ တန်းအောက်ဖြစ်ပြီး နိုင်ငံခြားတွင် အသိအမှတ်ပြုထားသော သင်တန်းကို အောင်မြင်ခြင်းမရှိပါက သတ်မှတ်ထားသော ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း သို့မဟုတ် လေ့ကျင့်ရေးကျောင်းသင်တန်းစသည်ကို ပြီးဆုံးရန် လိုအပ်သည့် အခြေအနေများလည်း ရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ အထက်တန်းပညာရေး အောင်မြင်ပြီးဆုံးသူသည် ပညာသင်နှစ်အရေအတွက် ၁၁ နှစ်သာ ရှိသော်လည်း ဂျပန်တက္ကသိုလ် လျှောက်နိုင်သော ပညာအရည်အချင်းရှိကြောင်း သတ်မှတ်ခြင်းပင်ဖြစ်ပါသည်။ ဂျပန်တက္ကသိုလ်များ၏ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းတွင် အသက်ကန့်သတ်ထားသော ကျောင်းများလည်း ရှိပါသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာ မတင်မီတွင် မိမိလျှောက်ထားလိုသောကျောင်းနှင့်ဆက်သွယ်၍ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းကို မေးမြန်းပါ။ ဒါမှမဟုတ် OJEIC နှင့် ဆွေးနွေးတိုင်ပင်ပါ။

## လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ

- ☐ ကျောင်းဝင်ခွင့်လျှောက်လွှာ (တက္ကသိုလ်မှ ပြဌာန်းထားသည့်အရာ)
- ☐ အထက်တန်းကျောင်း ပြီးမြောက်ကြောင်း (ပြီးမြောက်ရန်ရှိကြောင်း) လက်မှတ်
- ☐ အထက်တန်းကျောင်းမှ ဘာသာရပ်နှင့် ရမှတ်မှတ်တမ်း
- ☐ မူရင်းအထက်တန်းကျောင်း၏ ကျောင်းအုပ် သို့ ကျောင်းဆရာ၏ ထောက်ခံစာ
- ☐ ဂျပန်ဘာသာအရည်အချင်း သို့ အင်္ဂလိပ်ဘာသာအရည်းအချင်း လက်မှတ်
- ☐ အခြား

ကျောင်းအလိုက် တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသောကြောင့် အသေးစိတ်ကို လျှောက်ထားလိုသော ကျောင်းသို့ တိုက်ရိုက် မေးမြန်း စုံစမ်းပါ။



## ကျောင်းဝင်ခွင့်စာမေးပွဲ

တက္ကသိုလ်အများစုသည် ဂျပန်လူမျိုးအတွက် ကျင်းပသည့် ဝင်ခွင့်စာမေးပွဲအပြင် နိုင်ငံခြားသား ကျောင်းသားများအတွက် အထူးဝင်ခွင့်စာမေးပွဲကိုလည်းကျင်းပနေပါသည်။ အောက်ပါ စစ်ဆေးနည်းများမှ အချို့စစ်ဆေးနည်းများကို တွဲဖက်၍ စစ်ဆေးပါသည်။ တက္ကသိုလ်အလိုက် စာမေးပွဲစစ်ဆေးနည်း မတူညီသောကြောင့် ဝင်ခွင့်စာမေးပွဲလမ်းညွှန်ကို လေ့လာပါ။

- ◯ စာရွက်စာတမ်းဖြင့် စစ်ဆေးရွေးချယ်ခြင်း
- ◯ ပညာအရည်အချင်း စစ်ဆေးခြင်း
- ◯ အင်တာဗျူး
- ◯ စာတမ်းတို၊ စာစီစာကုံး
- ◯ အခြားအရည်အချင်း၊ ပင်ကိုစွမ်းရည် စသည်ကို  စစ်ဆေးခြင်း
- ◯ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)
- ◯ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)
- ◯ တက္ကသိုလ်ဝင်ခွင့်အမျိုးသားစင်တာစာမေးပွဲ



## ဘွဲ့ရ၊ ကျောင်းပြီးရန်အတွက်

### 1 တက္ကသိုလ်

အောက်ပါ လိုအပ်ချက်များနှင့် ပြည့်မီပြီး တက္ကသိုလ် ပြီးမြောက်လျှင်၊ "တက္ကသိုလ်ပထမဘွဲ့" ဒီဂရီကို ရရှိနိုင်သည်။

| | သင်တန်းကာလ | ယူရမည့်ခရက်ဒစ်အရေအတွက် |
|---|---|---|
| အထွေထွေပထမဘွဲ့သင်တန်း4 နှစ်စနစ်ဆေးဝါးပညာဌာန | 4 နှစ် | 124 ခရက်ဒစ်နှင့်အထက် |
| ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ တိရစ္ဆာန်ဆေးကုပညာသင်တန်း ဆေးဝါးပညာဌာန 6 နှစ်သင်တန်း | 6 နှစ် | ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ 188 ခရက်ဒစ်နှင့်အထက်<br>တိရစ္ဆာန်ဆေးကုပညာ 182 ခရက်ဒစ်နှင့်အထက်<br>ဆေးဝါးပညာ 186 ခရက်ဒစ်နှင့်အထက် |

### 2 ဥပစာကောလိပ်

အောက်ပါ လိုအပ်ချက်များနှင့် ပြည့်မီပြီး ဥပစာကောလိပ် ပြီးမြောက်လျှင်၊ "ဥပစာကောလိပ်တွဲဖက်ဒီဂရီ" ဒီဂရီကို ရရှိနိုင်သည်။

| | ယူရမည့်ခရက်ဒစ်အရေအတွက် |
|---|---|
| 2 နှစ်သင်တန်း | 62 ခရက်ဒစ်နှင့်အထက် |
| 3 နှစ်သင်တန်း | 93 ခရက်ဒစ်နှင့်အထက် |

## တက္ကသိုလ်(ဌာန)နှင့် ကောလိပ်ကို ရွေးချယ်သည့်အခါ ထည့်သွင်းစဉ်းစားရန်။

① သင်တန်းကာလ၊ သုတေသနအကြောင်းအရာ  သင် အမှန်တကယ်တက်ရောက်လိုသော အတန်းများ ရှိပါသလား။ သုတေသန လုပ်နိုင်ပါသလား။

② သင်တန်း (ပရိုဂရမ်)  ဂျပန်လူမျိုးနှင့် တူညီသောအတန်းကို တက်ရောက်ရသော ပရိုဂရမ် ဖြစ်ပါသလား။ အင်္ဂလိပ်စာဖြင့် ပို့ချသော အတန်းကို တက်ရောက်ခြင်းဖြင့်သာ ဒီဂရီ ရရှိနိုင်သော ပရိုဂရမ် ဖြစ်ပါသလား။ ကာလရှည် ပရိုဂရမ်လား။ ကာလတို ပရိုဂရမ်လား။

③ သုတေသနအထောက်အပံ့ပစ္စည်းပစ္စယများ  သုတေသနအတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းပစ္စယများ ပြည့်စုံစွာ ရှိပါသလား။

④ ကျောင်းဝင်ခွင့်စာမေးပွဲ ဂျပန်သို့မလာမီ ကျောင်းဝင်ခွင့်ပေးသောစနစ် ရှိပါသလား။
နိုင်ငံခြားသားကျောင်းသားများအတွက် အထူးဝင်ခွင့်စာမေးပွဲ စီစဉ်ထားသလား။

⑤ နိုင်ငံတကာကျောင်းသားများအား ပံ့ပိုးမှုစနစ် ဂျပန်စာဖြည့်စွက်သင်တန်း ရှိပါသလား။ နိုင်ငံတကားကျောင်းသားများအား ကူညီပံ့ပိုးသည့် ဝန်ထမ်းများ၊ စာလေ့လာကျက်မှတ်မှုနှင့် နေရေးထိုင်ရေးကို ကူညီပံ့ပိုးပေးသည့် နည်းပြများ ရှိပါသလား။ အလုပ်အကိုင်ရှာဖွေခြင်းကို ကူညီပံ့ပိုးသလား။

⑥ တက္ကသိုလ်အောင်ပြီးရွေးချယ်မည့်လမ်း  ဘွဲ့လွန်တက္ကသိုလ်ဆက်တက်မလား။ ကုမ္ပဏီတွင် အလုပ်ဝင်လုပ်မလား။

⑦ ကျောင်းလခ၊ အခြားလိုအပ်သော ကုန်ကျစရိတ်များ
ပထမစာသင်နှစ်တွင် ? ဒုတိယစာသင်နှစ် နှင့် နောက်ပိုင်းတွင် ? ကျောင်းပြီးသည်အထိ စုစုပေါင်းကုန်ကျစရိတ် ?

⑧ ပညာသင်ဆုနှင့် အခြားငွေကြေးဆိုင်ရာထောက်ပံ့မှု  ကျောင်း၏ ကိုယ်ပိုင်ရပ်တည်ပံ့ပိုးသော ပညာသင်ဆုစနစ်နှင့် ကျောင်းလခ လွတ်ငြိမ်းခွင့်၊ လျှော့ပေါ့ သက်သာခွင့်များ ရှိပါသလား။ ၎င်းတို့ကို ရရှိနိုင်ခြေ မည်မျှရှိသနည်း။ ဂျပန်နိုင်ငံသို့ မလာခင် ထောက်ပံ့မှု ရ မရ ကြိုတင် အကြောင်းကြားသလား။

⑨ နေရာထိုင်ခင်း၊ ကျောင်းအဆောင် (သို့) နေထိုင်စရာအိမ် ရှိသလား။ တိုက်ခန်းကို မိတ်ဆက်ပေးမည်လား။

⑩ တက္ကသိုလ်၏ တည်နေရာ၊ ကျောင်းသည် စာလေ့လာရန် နှင့် နေရေးထိုင်ရေး လွယ်ကူသော ပတ်ဝန်းကျင် ဖြစ်ပါသလား။ မြို့ကြီးပြကြီးလား၊ နယ်လား။
ရာသီဥတုဒဏ်ခံနိုင်ခြေရှိလား။